


VOLUME X, ISSUE 14 14 November 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ (၁၁)ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA အား လက်ခံတွေ့ဆုံ | ၄ |
| ၃ | ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ | ၅ |
| ၄ | ပေလီကမ်းခြေဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေလီကမ်းခြေ ဆောင်းဦးပွဲတော်ကို ကိုဗစ်စည်းကမ်းနှင့်အညီ ကျင်းပမည် | ၇ |
| ၅ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၈ |
| ၆ | ငါးနှင့် ရေထွက်ပို့ကုန်များ တန်ဖိုးမြှင့်ပို့ကုန်အဖြစ်ပြုပြင်ပြီး ပြည်ပသို့ တင်ပို့လျက်ရှိ | ၁၀ |
| ၇ | နိုဝင်ဘာလဒုတိယအပတ်အတွင်း စတော့ရှယ်ယာရောင်းဝယ်မှုမှ ငွေကျပ် ၆၆ သန်း ကျော် ရရှိ | ၁၁ |

# Information Sheet

## ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ (၁၁) ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ (၁၁) ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာလ ၁၃ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့တက်ရောက်၍ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အားဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းပြီး မဟာဘုံကထိန်အခမ်းအနား အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်၊ အမှူးပြုသည့် သြဝါဒါစရိယဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ (၁၁) ကြိမ်မြောက် မိသားစုမဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင်စုစုပေါင်း ၈၄ ပင်၊ တန်ဖိုးငွေကျပ် ၁,၄၄၉ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြပြီး ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၁၁-၂၀၂၁)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ (၁၁) ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား၌ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု





ပါဠိဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားတော် နာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်တို့က
ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်
ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်ဇနီးတို့က
ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်
ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းက
ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး
ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးက
ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု



ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က
နေ့ဆွမ်းဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်
ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဘုန်းတော်ကြီးကျောင်းအသီးသီးသို့လှူဒါန်းရန်
ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊
လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား
လှည့်လည်ကြည့်ရှုနေမှု



ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက
နေ့ဆွမ်းဆက်ကပ်လှူဒါန်းနေမှု



ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ
ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊
ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်
ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်တို့က နေ့ဆွမ်း
ဆက်ကပ်လှူဒါန်းနေမှု

- ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ (၁၁) ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ခဲ့။
- အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့ တက်ရောက်၍ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများထံကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းခဲ့။
- ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ (၁၁) ကြိမ်မြောက် မိသားစုမဟာဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင် စုစုပေါင်း ၈၄ ပင်၊ တန်ဖိုးငွေကျပ် ၁,၄၄၉ သိန်းကျော် ပါဝင်လှူဒါန်းခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA အား နိုဝင်ဘာလ ၁၃ ရက်တွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံရာတွင်-

- နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေ။
- နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ။
- နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

တွေ့ဆုံပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်၊ နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်အတူ နီပွန်ဖောင်ဒေးရှင်း အမှုဆောင်အရာရှိချုပ် Mr.Yuji MORI နှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၄-၁၁-၂၀၂၁)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E. Mr. Yohei SASAKAWA အား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

# ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ




အိန္ဒိယနိုင်ငံသို့ နိုဝင်ဘာလ ၆ ရက်မှ ၁၃ ရက်နေ့အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၁၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါသည်။

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံသို့ရောက်ရှိစဉ်အတွင်း-


- နယူးဒေလီမြို့ရှိ National War Memorial သို့ သွားရောက်၍ ဂုဏ်ပြုပန်းခွေချ အလေးပြုခဲ့။
- South Blockတွင် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Karambir Singhက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ပြီး အိန္ဒိယရေတပ်၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ နှစ်နိုင်ငံရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို အပြန်အလှန် ဆွေးနွေးခဲ့။
- အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးလိုက်ပါပြီး အိန္ဒိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Chief of Defence Staff ဗိုလ်ချုပ်ကြီး Bipin Rawat နှင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် Mr.Harsh Vardhan Shringla နှင့်လည်းကောင်း၊ အိန္ဒိယကာကွယ်ရေးအတွင်းဝန်နှင့်လည်းကောင်း၊ အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေးနှင့်လည်းကောင်း၊ အိန္ဒိယတပ်မတော်ဆိုင်ရာ အကြံပေးတို့နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့။
- National Maritime Foundationသို့ ရောက်ရှိခဲ့ပြီး ရေကြောင်းဆိုင်ရာ သုတေသနပြုဆောင်ရွက်နေမှုများနှင့် Peaceful India Ocean ခေါင်းစဉ်နှင့် ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

ခရီးစဉ်အတွင်း နှစ်နိုင်ငံရေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ရေတပ်ဆိုင်ရာနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ရေယာဉ်များ အပြန်အလှန်လည်ပတ်ရေးနှင့် ရေကြောင်းလုံခြုံရေးအတွက် သတင်းအချက်အလက် မျှဝေရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၄-၁၁-၂၀၂၁ )**



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်
နယူးဒေလီမြို့ရှိ National War Memorial သို့ သွားရောက်၍
ဂုဏ်ပြုပန်းခွေချ အလေးပြုနေမှု



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်
အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Karambir Singh နှင့်
တွေ့ဆုံနေမှု



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်
အိန္ဒိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်တွေ့ဆုံနေမှု



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်
ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် National Maritime
Foundation တာဝန်ရှိသူများနှင့် တွေ့ဆုံနေမှု

- ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Karambir Singh နှင့်တွေ့ဆုံ၍ အိန္ဒိယရေတပ်၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ နှစ်နိုင်ငံရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို အပြန်အလှန်ဆွေးနွေးခဲ့။
- ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ အိန္ဒိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Bipin Rawat၊ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်၊ ကာကွယ်ရေးအတွင်းဝန်၊ အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေး၊ အိန္ဒိယတပ်မတော်ဆိုင်ရာအကြံပေးတို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့။
- ခရီးစဉ်အတွင်း နှစ်နိုင်ငံရေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ရေတပ်ဆိုင်ရာ နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးနှင့် စစ်ရေယာဉ်များ အပြန်အလှန် လည်ပတ်ရေး ကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့။

# ပေလီကမ်းခြေဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေလီကမ်းခြေ ဆောင်းဦးပွဲတော်ကို ကိုဗစ်စည်းကမ်းနှင့်အညီ ကျင်းပမည်




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် နိုဝင်ဘာလ ၁၃ ရက်တွင် သံတွဲခရိုင် ပေလီကမ်းခြေသို့ ရောက်ရှိပြီး ပွင့်လင်းရာသီကာလအတွင်း ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ လာရောက်တည်းခိုနိုင်ရေးအတွက် ဟိုတယ်များပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ပေလီကမ်းခြေ Amata Hotel ဟိုတယ် အစည်းအဝေးခန်းမတွင် ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်မန်နေဂျာများနှင့် တွေ့ဆုံမှာကြားရာတွင်–

- ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းနေရာမှ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောဂါထိန်းချုပ်နိုင်မှုအပေါ် မူတည်၍ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပြီး မကြာမီကာလအတွင်း ပေလီကမ်းခြေ ဆောင်းဦးပွဲတော်အား ကိုဗစ်–၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပမည်ဖြစ်ကြောင်း။
- လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်ရောဂါကူးစက်မှုနှုန်း ၄ ရာခိုင်နှုန်းခန့်သာရှိသဖြင့် ခရီးသွားဧည့်သည်များသည် ကမ်းခြေဒေသများနှင့် အခြားခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်နေကြပြီ ဖြစ်ကြောင်း။
- ကိုဗစ်–၁၉ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ရုပ်/သံဖိုင်အား ဟိုတယ်များ၏ ဧည့်ခန်းမ၊ အစည်းအဝေးခန်းမနှင့် စားသောက်ခန်းမများတွင် ပြသနိုင်ရေးဆောင်ရွက်သွားရန် မှာကြားခဲ့ပါသည်။

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကိုဗစ်–၁၉ စည်းကမ်းချက်များနှင့်အညီ စစ်ဆေး၍ ပြန်လည်ခွင့်ပြုထားပြီးဖြစ်သည့် ဟိုတယ်များအား Enchanting Myanmar Health & Safety Protocol အစီအစဉ်အရ ဒေသအဆင့် အသိအမှတ်ပြုလက်မှတ်အား ပေးအပ်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၄–၁၁–၂၀၂၁)**

- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ငပလီကမ်းခြေသို့ ရောက်ရှိပြီး ပွင့်လင်းရာသီကာလအတွင်း ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာလာရောက်တည်းခိုနိုင်ရေးအတွက် ဟိုတယ်များပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့။
- ကိုဗစ်-၁၉ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ရုပ်/သံဖိုင်အား ဟိုတယ်များ၏ ဧည့်ခန်းမ၊ အစည်းအဝေးခန်းမနှင့် စားသောက်ခန်းမများတွင် ပြသနိုင်ရေးဆောင်ရွက်သွားရန် မှာကြားခဲ့။
- ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စစ်ဆေး၍ ပြန်လည်ခွင့်ပြုထားပြီးဖြစ်သည့် ဟိုတယ်များအား Enchanting Myanmar Health & Safety Protocol အစီအစဉ်အရ ဒေသအဆင့် အသိအမှတ်ပြုလက်မှတ်အား ပေးအပ်ခဲ့။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအဖြစ် Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

- နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၇၃ ဦးနှင့် အမျိုးသမီး ၇၀ ဦး စုစုပေါင်း ၁၄၃ ဦးအား လက်ခံကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၃ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၀၄,၆၁၆ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၁၂,၆၁၆ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၁၃ ရက်တွင် ဒုတိယအကြိမ်အဖြစ် ကျောင်းသား/သူစုစုပေါင်း ၅,၀၃၃ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ကျောင်းသား/သူစုစုပေါင်း ၅,၄၂၈ ဦး အားလည်းကောင်း ကာကွယ်ဆေးထိုးနှံ

ပေးခဲ့ပြီး နိုဝင်ဘာလ ၁၃ ရက် အထိ စုစုပေါင်း ၁,၂၆၆,၂၃၉ ဦးအားကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။

- စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်း ဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုပွဲကို နိုဝင်ဘာလ ၁၂ ရက်နေ့က မုံရွာမြို့တွင် ကျင်းပခဲ့ပြီး ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့။

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ–

- နိုဝင်ဘာလ ၁၃ ရက်တွင် ချင်းရွှေဟော်၊ မြဝတီနှင့် ကန်ပိုက်တီကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၄ ခုမှ ယာဉ်စီးရေ ၈ စီးဖြင့် အောက်ဆီဂျင် (အရည်) ဘောက်ဆာယာဉ် ၁ စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင်ထုတ်စက် (Oxygen Plant) ၆ ခုနှင့် နှာခေါင်းစည်း (Mask) ၂၇ တန်တို့ကို တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၃ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၅,၉၂၈ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၃၁ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၃.၂၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၃–၁၁–၂၀၂၁ ရက်အထိ ဓါတ်ခွဲနမူနာ စုစုပေါင်း ၅,၁၈၇,၂၂၃ ခုအားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၁၂,၅၄၈ ဦး နှင့် သေဆုံးသူစုစုပေါင်း ၁၈,၉၁၃ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄–၁၁–၂၀၂၁ )**



**နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူများအား လက်ခံပေးနေမှု**



**အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များပေးအပ်နေမှု**



**ပြည်ပမှ အောက်စီဂျင်(အရည်)နှင့် ကျန်းမာရေးအထောက်အကူပစ္စည်းများ တင်သွင်းနေမှု**



**ရခိုင်ပြည်နယ် မြို့နယ်အသီးသီးတွင် ကျောင်းသူ၊ကျောင်းသားများအား ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု**

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၀၄,၆၁၆ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၁၂,၆၁၆ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- ၁၃-၁၁-၂၀၂၁ ရက်အထိ အတည်ပြုလူနာစုစုပေါင်း ၅၁၂,၅၄၈ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၈,၉၁၃ ဦးရှိခဲ့။

## ငါးနှင့် ရေထွက်ပို့ကုန်များ တန်ဖိုးမြှင့်ပို့ကုန်အဖြစ်ပြုပြင်ပြီး ပြည်ပသို့ တင်ပို့လျက်ရှိ



ပြည်တွင်း၌ ငါး၊ ပုစွန်ရေထွက်ပို့ကုန်များကို တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် စက်ရုံ ၁၂၄ ရုံမှ ထုတ်လုပ်လျက်ရှိပြီး တန်ဖိုးမြှင့် ရေထွက်ကုန်များအား ထုတ်ပိုးပြုပြင်ပြီး ပြည်ပတင်ပို့လျက်ရှိပါသည်။

ပြည်ပတင်ပို့သည့် ရေထွက်ကုန်များ နိုင်ငံတကာစံချိန်စံညွှန်း ကိုက်ညီစေရန်-

- စက်ရုံများမှ ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် သက်ဆိုင်ရာနိုင်ငံများအလိုက် သတ်မှတ်ထားသည့် Guideline များနဲ့ ကိုက်ညီမှုရှိစေရေး ငါးလုပ်ငန်းဦးစီဌာနမှ လေးလတစ်ကြိမ် သို့မဟုတ် ခြောက်လတစ်ကြိမ် စစ်ဆေးခြင်း။
- ကောင်းမွန်သောထုတ်လုပ်မှုစနစ် GMP နှင့် SSAP တို့ကို လိုက်နာကျင့်သုံးပြီး ISO 9001စက်ရုံများအား စစ်ဆေးခြင်းနှင့် စက်ရုံများစစ်ဆေးရာတွင် စက်ရုံ အတွင်း/အပြင်နှင့် သန့်စင်ခန်းများ သန့်ရှင်းမှု ရှိ/ မရှိနှင့် အစားအသောက် ပြုပြင်ထိန်းသိမ်းသည့် ဝန်ထမ်းများ သတ်မှတ်ဝတ်စုံ၊ နှာခေါင်းစည်း၊ လက်အိတ်များ ဝတ်ဆင်ခြင်း ရှိ/ မရှိ စစ်ဆေးခြင်း။
- ပင်လယ်ပြင်၊ မွေးမြူရေးကန်များနှင့် မြစ်ချောင်းများမှ ဖမ်းဆီးရမိသည့် ငါး၊ ပုစွန် များကို သယ်ဆောင်ရာတွင် ငါးချဆိပ်ကမ်းများ၌လည်း နိုင်ငံတကာက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သယ်ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိ။

ပြုပြင်ထုတ်လုပ်ထားသည့် ရေထွက်ကုန်များအား ငါးလုပ်ငန်းဦးစီးဌာန၏ ဓာတ်ခွဲခန်းများ၌ ဓာတ်ခွဲစစ်ဆေးခြင်းများ ပြုလုပ်ပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြည်ပတင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၁၁-၂၀၂၁)**

- **ပြည်တွင်း၌ ငါး၊ ပုစွန်ရေထွက်ပို့ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် စက်ရုံ ၁၂၄ ရုံမှ ထုတ်လုပ်လျက်ရှိပြီး ၎င်းစက်ရုံများတွင် ရေထွက်ကုန်များအား ထုတ်ပိုးပြုပြင်ပြီး ပြည်ပတင်ပို့လျက်ရှိ။**
- **စက်ရုံများမှ ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ၎င်းနိုင်ငံများက သတ်မှတ်ထားသည့် Guideline များနဲ့ ကိုက်ညီမှု ရှိစေရေး ငါးလုပ်ငန်းဦးစီဌာနမှ လေးလတစ်ကြိမ် သို့မဟုတ် ခြောက်လတစ်ကြိမ် စစ်ဆေးခြင်းနှင့် ပြုပြင်ထုတ်လုပ် ထားသည့် ထုတ်ကုန်များအား ဓာတ်ခွဲစစ်ဆေးခြင်းများပြုလုပ်ပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြည်ပ တင်ပို့လျက်ရှိ။**

## နိုဝင်ဘာလဒုတိယအပတ်အတွင်း စတော့ရှယ်ယာရောင်းဝယ်မှုမှ ငွေကျပ် ၆၆ သန်းကျော် ရရှိ




ရန်ကုန်စတော့အိတ်ချိန်း၌ နိုဝင်ဘာလ ၈ ရက်မှ ၁၂ ရက်အထိ တစ်ပတ်တာ ကာလအတွင်း စာရင်းဝင်ကုမ္ပဏီ ၇ ခု၏ အစုရှယ်ယာရောင်းဝယ်မှုများမှ ငွေကျပ် ၆၆ သန်းကျော် ရရှိခဲ့ကြောင်း၊ ဒုတိယအပတ်အတွင်း စတော့ရှယ်ယာအရောင်း အဝယ်သည် လွန်ခဲ့သည့်သီတင်းပတ်ကထက် ပို၍မြင့်တက်ခဲ့ ကြောင်း ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်စာရင်းများအရ သိရှိရသည်။

နိုဝင်ဘာလ ၈ ရက်မှ ၁၂ ရက်အထိ တစ်ပတ်တာ ကာလအတွင်း စာရင်းဝင် ကုမ္ပဏီများ၏ အရောင်းအဝယ်ပြု လုပ်မှုအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းကုမ္ပဏီ ၇ ခု ဖြစ် သော First Myanmar Investment Public Co., Ltd. (FMI)၊ Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH)၊ Myanmar Citizens Bank Ltd. (MCB)၊ First Private Bank Ltd. (FPB)၊ TMH Telecom Public Co., Ltd. (TMH)၊ Ever Flow River Group Public Co., Ltd (EFR)၊ AMATA Holding Public Co., Ltd. ကုမ္ပဏီများမှ စုစုပေါင်းစတော့ရှယ်ယာ အ စောင်ရေ ၁၄,၅၅၇ စောင်မှ ငွေကျပ် ၆၆ သန်းကျော် အရောင်း အဝယ်ဖြစ်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၄-၁၁-၂၀၂၁)**

- **နိုဝင်ဘာလ ၈ ရက်မှ ၁၂ ရက်အထိ ဒုတိယတစ်ပတ်တာအတွင်း စာရင်းဝင်ကုမ္ပဏီ ၇ ခု၏ စုစုပေါင်း စတော့ရှယ်ယာ အစောင်ရေ ၁၄,၅၅၇ စောင် ရောင်းဝယ်မှုများမှ ငွေကျပ် ၆၆ သန်းကျော် ရရှိခဲ့။**